ပတခ(ကသခ)-၅က

# ၂၀၂၁ - ၂၀၂၂ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သုံးလပတ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ

**(အခွန်ကြေညာလွှာကို မှန်ကန်ပြည့်စုံစွာဖြည့်စွက်နိုင်ရန် ညွှန်ကြားချက်ကို ဖတ်ရှုပေးပါ။)**

**( ၃၁ ဇန်နဝါရီ ၂၀၂၂ နှင့် ၃၀ ဧပြီ ၂၀၂၂ ရက်နေ့တို့တွင် နောက်ဆုံးထား တင်သွင်းရမည့် သုံးလပတ်ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာများအတွက်)**

| | | | |
|---|---|---|---|
| ပေးပို့သည့် သုံးလပတ်အခွန်ကာလ | (ရက်/လ/နှစ်)________________________________ | | |
| အခွန်ထမ်း၏ ကိုယ်ရေးအချက်အလက် | **က။ အခွန်ထမ်းအမျိုးအစား :** သက်ဆိုင်ရာအကွက်တွင် အမှတ်ခြစ်ပါ ► ☐ တစ်ဦးချင်းပုဂ္ဂိုလ် ☐ ပုဂ္ဂိုလ်စု ☐ ကုမ္ပဏီ ☐ အခြေခံသမဝါယမအသင်း (Primary Cooperative) ☐ အခြားသမဝါယမအသင်း (Non-primary Cooperative) ☐ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း<br>**ခ။ နေထိုင်မှု :** သက်ဆိုင်ရာအကွက်တွင် အမှတ်ခြစ်ပါ ► ☐ မြန်မာနိုင်ငံသား ☐ ပြည်ပနေနိုင်ငံသား ☐ ပြည်ပနေနိုင်ငံခြားသား ☐ ပြည်တွင်းနေနိုင်ငံခြားသား<br>**ဂ။ နိုင်ငံအမည် (အခွန်နှစ်ထပ်မကျသင့်စေရေးစာချုပ်ဝင် နိုင်ငံဖြစ်ပါက) ►** ______________<br>**ဃ။ သက်ဆိုင်ရာအကွက်တွင် အမှတ်ခြစ်ပါ :** ☐ ပြည်တွင်းအခွန်များဦးစီးဌာနထံသို့တင်သွင်းသည့် ကနဦးကြေညာလွှာ ☐ ပြည်တွင်းအခွန်များဦးစီးဌာနထံသို့တင်သွင်းသည့် အပြီးသတ်ကြေညာလွှာ ☐ အောက်ဖော်ပြပါ သုံးလပတ်ကာလအတွက် ကြေညာလွှာကို ပြင်ဆင်သည့် ကြေညာလွှာ ☐ ၃၁ ဒီဇင်ဘာလ ၂၀၂၁ ☐ ၃၁ မတ်လ ၂၀၂၂ ☐ အထူးစီးပွားရေးဇုန်ဥပဒေအရကင်းလွတ်ခွင့် ☐ Grant Aid ကင်းလွတ်ခွင့် ☐ လိပ်စာပြောင်းလဲခြင်း | | |
| အမည် | | အခွန်ထမ်း မှတ်ပုံတင်အမှတ် | |
| ဇနီး(သို့)ခင်ပွန်းအမည် အပြည့်အစုံ (အိမ်ထောင်ရှိပါက) | | အခွန်ထမ်း မှတ်ပုံတင်အမှတ် | |
| စာပို့လိပ်စာ (စာပို့သင်္ကေတဖော်ပြပါ) | | | |
| နေရပ်လိပ်စာ | | | |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | | အီးမေးလ်လိပ်စာ | |
| အကောက်ခွန် IE Code | | Industry Code လုပ်ငန်းအမျိုးအစား ကုဒ်နံပါတ် | |

**မှတ်ချက်။ ထုတ်လုပ်သည့်ကုန်စည် သို့မဟုတ် ရောင်းချသည့် ကုန်စည်များ၏ အမျိုးအမည်များကို သီးခြားပူးတွဲစာဖြင့် ဖော်ပြပါ။ ကုန်စည်ရောင်းရငွေနှင့် ဝန်ဆောင်မှုရငွေများသည် ကျပ်ငွေဖြင့် ရသည်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့် ရသည်ဖြစ်စေ၊ ငွေသားအားလုံးကိုကျပ်ငွေဖြင့်ပြပါ။ နိုင်ငံခြားငွေမှ မြန်မာကျပ်ငွေသို့ လဲလှယ်ရာတွင် ငွေလဲလှယ်နှုန်းကို ပူးတွဲဖော်ပြပါ။**

| **အပိုင်း က**<br>**ကုန်စည်ထုတ်လုပ်ရောင်းချခြင်း/ကုန်သွယ်မှုဆောင်ရွက်ခြင်းအပေါ် ထမ်းဆောင်ရမည့် အသားတင်ကုန်သွယ်လုပ်ငန်းခွန်** | | (က)<br>စုစုပေါင်း ရောင်းရငွေ (ကျပ်)<br>(ကုန်သွယ်လုပ်ငန်းခွန်ကို ထည့်သွင်းခြင်းမပြုရပါ။ သို့သော် အထူးကုန်စည်ခွန်ကို ထည့်သွင်းရပါမည်။)<br>(ညွှန်ကြားချက်ကိုကြည့်ပါ) | (ခ)<br>အခွန်<br>ရာခိုင်နှုန်း | (ဂ)<br>ကျသင့်ခွန်<br>ဒေါင်လိုက်အကွက် (က) x ဒေါင်လိုက်အကွက် (ခ)<br>(ညွှန်ကြားချက်ကိုကြည့်ပါ) |
|---|---|---|---|---|
| ၁ | ပြည်ပသို့တင်ပို့ရောင်းချသည့် ရေနံစိမ်းများ | | ၅% | |
| ၂ | ပြည်ပသို့တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အား | | ၈% | |
| ၃ | ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှရောင်းရငွေ | | ၁% | |
| ၄ | နိုင်ငံပိုင်မြေအား နှစ်ရှည်ငှားရမ်း၍ဖြစ်စေ၊ နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း၍ဖြစ်စေ၊ ပုဂ္ဂလိကပိုင်မြေတွင်ဖြစ်စေ၊ မြေပိုင်ရှင်နှင့် အကျိုးတူပူးပေါင်း၍ဖြစ်စေ အခြေခံ အဆောက်အအုံအား တည်ဆောက်ပြုပြင်ရောင်းချခြင်းမှ ရောင်းရငွေ | | ၃% | |
| ၅ | အလျားကွက် ၇ ရှိ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရသည့် ကုန်စည်များမှအပ အခြားကုန်စည်များ (ညွှန်ကြားချက်တွင် ကြည့်ပါ။) | | ၅% | |

| | | | | |
|---|---|---|---|---|
| ၆ | အလျားကွက် ၁နှင့် အလျားကွက် ၂ ရှိ ကုန်စည်များမှအပ ပြည်ပသို့တင်ပို့ရောင်းချသည့် အခြားကုန်စည်များ (ညွှန်ကြားချက်တွင်ကြည့်ပါ။) | | ၀% | |
| ၇ | ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရသည့် ကုန်စည်များ (ညွှန်ကြားချက်တွင်ကြည့်ပါ။) | | | |
| ၈ | အထူးစီးပွားရေးဇုန်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရသည့်ရောင်းရငွေ | | | |
| ၉ | နိုင်ငံတော်က ရယူဆောင်ရွက်သည့် ထောက်ပံ့ငွေများ (Grant Aid) အရ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရသည့်ရောင်းရငွေ | | | |
| ၁၀ | **အထက်ဖော်ပြပါ ကုန်စည်များမှ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း နှင့် ကုန်သွယ်မှု လုပ်ငန်းအပေါ် ထမ်းဆောင်ရမည့် အသားတင်ကုန်သွယ်လုပ်ငန်းခွန် (ဒေါင်လိုက်ကွက်(ဂ)ရှိ အလျားကွက် ၁ မှ ၆ အထိကို ပေါင်းပါ။)** | | | |

| **အပိုင်း ခ**<br>**နိုင်ငံတော်အတွင်း ဆောင်ရွက်သည့်ဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ် ထမ်းဆောင်ရမည့် အသားတင် ကုန်သွယ်လုပ်ငန်းခွန်** | | (က)<br>အရေအတွက် သို့မဟုတ် စုစုပေါင်းရရှိငွေ (ကျပ်)<br>(ကုန်သွယ်လုပ်ငန်းခွန်ကို ထည့်သွင်းခြင်း မပြုရပါ) | (ခ)<br>အခွန်ရာခိုင်နှုန်း | (ဂ)<br>ကျသင့်ခွန်<br>ဒေါင်လိုက်အကွက်<br>(က) x (ခ) |
|---|---|---|---|---|
| ၁ | ဆက်သွယ်ရေးဝန်ဆောင်မှုများ - ကြိုတင်ငွေဖြည့်ကဒ်များ/ဖုန်းပြောဆိုခများ | | ၅% | |
| ၂ | ဆက်သွယ်ရေးဝန်ဆောင်မှုများ - အခြားဆက်သွယ်ရေးဝန်ဆောင်မှုများ | | ၅% | |
| ၃ | ဆင်းကတ် (SIM Card) ရောင်းချခြင်းနှင့် ဆင်းကတ်ကို စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသည့်ဝန်ဆောင်မှုလုပ်ငန်းများ<br>( စုစုပေါင်းရငွေအား နောက်ဆက်တွဲဖြင့် ပူးတွဲတင်ပြရန်) | | ဆင်းကတ် ၁ ကတ်လျှင် နှစ်သောင်းကျပ် | |
| ၄ | အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများ | | ၁၅% | |
| ၅ | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်းများ | | ၃% | |
| ၆ | အလျားကွက် ၇ ရှိ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရသည့် ဝန်ဆောင်မှုလုပ်ငန်းများမှအပ နိုင်ငံတော်အတွင်း ဆောင်ရွက်သည့် ကျန်ဝန်ဆောင်မှုလုပ်ငန်းများ | | ၅% | |
| ၇ | ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရသည့် ဝန်ဆောင်မှုလုပ်ငန်းများ (ညွှန်ကြားချက်တွင်ကြည့်ပါ။) | | | |
| ၈ | အထူးစီးပွားရေးဇုန်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရသည့် ဝန်ဆောင်မှုရငွေ | | | |
| ၉ | နိုင်ငံတော်က ရယူဆောင်ရွက်သည့် ထောက်ပံ့ငွေများ (Grant Aid) အရ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရသည့် ဝန်ဆောင်မှုရငွေ | | | |
| ၁၀ | **နိုင်ငံတော်အတွင်း ဆောင်ရွက်သည့်ဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ် ထမ်းဆောင်ရမည့် အသားတင် ကုန်သွယ်လုပ်ငန်းခွန်** (ဒေါင်လိုက်ကွက်(ဂ)ရှိ အလျားကွက် ၁ မှ ၆ အထိ စုစုပေါင်းပမာဏကို ဖြည့်ပါ။) | | | |

| **အပိုင်း ဂ - ယခုကြေညာလွှာတွင် ဖော်ပြထားသည့် သုံးလပတ်ကာလအတွက် အသားတင်ကျသင့်ကုန်သွယ်လုပ်ငန်းခွန်** | |
|---|---|
| ၁။ ပေးဆောင်မှုများမပြုမီ အသားတင်ကုန်သွယ်လုပ်ငန်းခွန် အပိုင်း က၊ အလျားကွက် ၁၀ နှင့် အပိုင်း ခ၊ အလျားကွက် ၁၀ တို့ကို ပေါင်းပါ။ | |
| **ယခုကြေညာလွှာတွင် ဖော်ပြထားသည့် သုံးလပတ်ကာလအတွင်း ကြိုတင်ပေးသွင်းထားခဲ့သည့်အခွန်** | |
| ၂။ ကုန်စည်ထုတ်လုပ်ခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်းတို့အတွက် သုံးလပတ်အတွင်း (ပတခ(ကသခ)-၃၁) အပါအဝင် ခုနှိမ်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန် (ညွှန်ကြားချက်ကိုကြည့်ပါ။) | |
| ၃။ ကုန်စည်တင်သွင်းခြင်းအတွက် သုံးလပတ်အတွင်း (ပတခ(ကသခ)-၃၂)အရ ခုနှိမ်ခွင့်ရှိသည့် စုစုပေါင်းကုန်သွယ်လုပ်ငန်းခွန် (ညွှန်ကြားချက်ကို ကြည့်ပါ။) | |
| ၄။ သုံးလပတ်အတွင်းလစဉ်ပေးဆောင်ခဲ့သည့် စုစုပေါင်းအခွန်ငွေ | |
| ၅။ ယခုသုံးလပတ်သို့သယ်ယူလာသော ယခင်သုံးလပတ်တွင် ပိုမိုပေးဆောင်ထားခဲ့သောအခွန်ပမာဏ (အထောက်အထားပူးတွဲတင်ပြရန်) ညွှန်ကြားချက်တွင် ကြည့်ပါ။ | |
| ၆။ **ယခုကြေညာလွှာတွင် ဖော်ပြထားသည့် သုံးလပတ်ကာလအတွင်း ခုနှိမ်မည့် စုစုပေါင်းအခွန်** (အလျားကွက် ၂ + အလျားကွက် ၃+ အလျားကွက် ၄ + အလျားကွက် ၅ )တို့၏ ပေါင်းလဒ်ကို ထည့်သွင်းပါ။) | |
| ၇။ **ပေးဆောင်ရန်ကျန်ပမာဏ။** အလျားကွက် ၁မှ အလျားကွက် ၆ကို နုတ်ပါ။ သုည သို့မဟုတ် သုည အောက်နည်းပါက”၀” ဟုဖြည့်ပါ။ | |
| ၈။ **ပို၍ပေးဆောင်ထားသောပမာဏ။** အလျားကွက် ၆ မှ အလျားကွက် ၁ကိုနုတ်ပါ။ သုည သို့မဟုတ် သုည အောက်နည်းပါက”၀” ဟုဖြည့်ပါ။ | |

**ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ၏ ကတိဝန်ခံချက် (ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ မရှိပါက ဤအဆင့်ကိုဖြည့်သွင်းရန်မလိုပါ။)**

အထက်ဖော်ပြပါ အချက်အလက်များသည် ကျွန်ုပ် သိရှိယုံကြည်သမျှ မှန်ကန်ပြည့်စုံပါကြောင်း ကျွန်ုပ်သိရှိရသော အချက်အလက်အားလုံးအရ ဝန်ခံလက်မှတ်ရေးထိုးပါသည်။
(မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။)

| | | | |
|---|---|---|---|
| ဆောင်ရွက်ခယူ၍ ကြေညာလွှာ ဖြည့်သွင်းသူ လက်မှတ် | | ရက်စွဲ (ရက်၊ လ၊ နှစ်) | |
| ဆောင်ရွက်ခယူ၍ ကြေညာလွှာ ဖြည့်သွင်းသူ အမည် | | အခွန်ထမ်းမှတ်ပုံတင်အမှတ် | |
| လုပ်ငန်းအမည် | | လုပ်ငန်းလိပ်စာ | |
| လုပ်ငန်း၏ အခွန်ထမ်းမှတ်ပုံတင်အမှတ် | | | |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | | အီးမေးလ်လိပ်စာ | |

**အခွန်ထမ်း (သို့) ကိုယ်စားလှယ်၏ ကတိဝန်ခံချက်**

အထက်ဖော်ပြပါ အချက်အလက်များသည် ကျွန်ုပ်သိရှိယုံကြည်သမျှ မှန်ကန်ပြည့်စုံပါကြောင်း ကျွန်ုပ်သိရှိရသော အချက်အလက်အားလုံးအရ ဝန်ခံလက်မှတ်ရေးထိုးပါသည်။
(မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။)

| | | | |
|---|---|---|---|
| လက်မှတ် | | ရက်စွဲ (ရက်၊ လ၊ နှစ်) | |
| ပုဂ္ဂိုလ်စုကိုယ်စား ၊ အစိုးရအဖွဲ့အစည်းကိုယ်စား သို့မဟုတ် တရားဝင်တာဝန်ယူမဖြေရှင်းနိုင်သောသူ ကိုယ်စားလက်မှတ်ရေးထိုးသူဖြစ်ပါက အမည်အပြည့်အစုံကိုဖော်ပြပါ။ | | ရာထူး | |

## အထွေထွေညွှန်ကြားချက်များ

## မည်သူသည် ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ တင်သွင်းရမည်နည်း။

မည်သူမဆို ပြည်တွင်းအခွန်များဦးစီးဌာနသို့ ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရန်ရှိပါက ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ **သုံးလပတ်ကြေညာလွှာ**နှင့် နှစ်ချုပ်ကြေညာလွှာတို့ **နှစ်ခုစလုံး**ကို တင်သွင်းရမည်။ ဤကြေညာလွှာသည် **ကုန်သွယ်လုပ်ငန်းခွန် သုံးလပတ်ကြေညာလွှာသာ** ဖြစ်သည်။ နှစ်ချုပ်ကြေညာလွှာအတွက် သီးခြားကြေညာလွှာပုံစံရှိပါသည်။ ခြွင်းချက်များမှအပ မည်သူမဆိုအောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် အခွန်ကျသင့်စေရမည်-

- ပြည်တွင်း၌ကုန်စည်ထုတ်လုပ်ရောင်းချခြင်း
- ကုန်စည်တင်သွင်းခြင်း
- ကုန်သွယ်မှုဆောင်ရွက်ခြင်း (ကုန်သွယ်မှုဆိုသည်မှာ ကုန်စည်ကိုလက်ငင်းဖြစ်စေ၊ အကြွေးဖြင့်ဖြစ်စေ၊ အခြားဆိုင်းငံ့စနစ်ဖြင့်ဖြစ်စေ၊ ကြိုတင်အရောင်းစနစ်ဖြင့်ဖြစ်စေ၊ ကုန်စည်ချင်းလဲလှယ်သည့်စနစ်ဖြင့်ဖြစ်စေ၊ အပ်ကုန်စနစ်ဖြင့်ဖြစ်စေ ဝယ်ယူရောင်းချသည့် ဆောင်ရွက်မှုကို ဆိုသည်။)
- ဝန်ဆောင်မှုဆောင်ရွက်ခြင်း

**ခြွင်းချက်အနေနှင့်** အောက်ဖော်ပြပါကိစ္စရပ်များအပေါ် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

- ၂၀၂၁ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေတွင် ပြဋ္ဌာန်းထားသော ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သော ကုန်စည်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ။
- ဘာသာရေး သို့မဟုတ် ကုသိုလ်ရေး အဖွဲ့အစည်းတစ်ခုခုက ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးကိစ္စ သက်သက်အတွက် ထုတ်လုပ်ရောင်းချသည့် ကုန်စည် သို့မဟုတ် ဆောင်ရွက်သည့် ဝန်ဆောင်မှုများ၊ ကုသိုလ်ရေးဆိုသည်တွင် ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးသူများနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ခံရသူများအား ကယ်ဆယ်စောင့်ရှောက်ရေးစသည့် အများပြည်သူအကျိုးအတွက် ထောက်ပံ့ပေးကမ်းခြင်းများ (ထောက်ပံ့ သို့မဟုတ် လှူဒါန်းခြင်းသည် ပြည်သူကောင်းကျိုးအတွက် ရှိနေသ၍) ပါဝင်သည်။
- သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ရန်မလိုပါ-
    - ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း **ထုတ်လုပ်ရောင်းရငွေစုစုပေါင်း** ကျပ်သိန်း ၅၀၀ တိတိ၊
    - ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း **ဝန်ဆောင်မှုရငွေစုစုပေါင်း** ကျပ် သိန်း ၅၀၀ တိတိ၊
    - ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း **ရောင်းရငွေစုစုပေါင်း** ကျပ် သိန်း ၅၀၀ တိတိ**။**

ရှင်းလင်းချက်။ နှစ်တစ်နှစ်အတွင်း ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ ဆိုရာတွင် လုပ်ငန်းစတင်သည့်လအပါအဝင် တစ်ဆက်တည်းဖြစ်သည့် နောင်လာမည့် ၁၂ လအတွင်း ရရှိမည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကိုဆိုသည်။

ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေတစ်ရပ်ကို နိုင်ငံခြားငွေဖြင့်ရရှိလျှင် အဆိုပါ နိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေအဖြစ် ပြောင်းလဲပေးဆောင်ရမည်။
ကျသင့်သောအခွန်ကို -

- ကုန်စည်တင်သွင်းခြင်းဖြစ်ပါက ကုန်စည်တင်သွင်းသူက ပေးဆောင်ရမည်၊
- ကုန်စည်ထုတ်လုပ်ခြင်း သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်ခြင်း သို့မဟုတ် တင်သွင်းလာသည့် ကုန်စည်ကို ပြန်လည်ရောင်းခြင်း သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်ခြင်းဖြစ်ပါက ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် ကုန်စည်တင်သွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူက ကုန်သွယ်လုပ်ငန်းခွန်မကျသင့်မီ ရောင်းရငွေ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်မီ ရငွေနှင့်အတူ ကုန်စည်ကို ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုကို ရယူသူထံမှ အခွန်ကိုတစ်ပါတည်း ကောက်ခံပြီးပေးဆောင်ရမည်၊

## မည်သည့်အချိန်တွင် ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ တင်သွင်းရမည်နည်း။

ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာကို သက်ဆိုင်ရာသုံးလပတ် ကုန်ဆုံးပြီးနောက် တစ်လအတွင်းတင်သွင်းရမည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ၆ လတာကာလအတွက် သတ်မှတ်ထားသည့် နောက်ဆုံးရက်စွဲများမှာ-

- ၃၁ ဇန်နဝါရီလ ၂၀၂၂
- ၃၀ ဧပြီလ ၂၀၂၂

## ဒဏ်ကြေးငွေများ

ကြေညာလွှာ တင်သွင်းထိုက်သူ ဖြစ်သော်လည်း သတ်မှတ်ထားသည့် ကာလအတွင်း တင်သွင်းရန်ပျက်ကွက်ပါက အောက်ပါဒဏ်ကြေးငွေ နှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်-

- ပေးဆောင်ရမည့်အခွန်ပမာဏ၏ ၅% အပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့ရက်မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့် အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏အစိတ်အပိုင်း အတွက် ပေးဆောင်ရမည့်အခွန်ပမာဏ၏ ၁%၊
- ငွေကျပ်တစ်သိန်း။

ပေးဆောင်ရမည့်အခွန်ပမာဏတွင် အရစ်ကျ ပေးဆောင်ရသည့် အခွန်များလည်းပါဝင်သည်။

ကြေညာလွှာအချိန်မီတင်သွင်းခြင်း သို့မဟုတ် သတ်မှတ်ရက်အတွင်း အခွန်ပေးဆောင်နိုင်ခြင်းမရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေနှင့်အညီ အချိန်တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ သတ်မှတ်ချက်များနှင့်အညီ ကြိုတင်လျှောက်ထား၍ ခွင့်ပြုချက်ရရှိပါက ဒဏ်ကြေးငွေချမှတ်ခြင်းနှင့် ရာဇဝတ်ကြောင်းအရ တရားစွဲဆိုခံရခြင်းမှ လွတ်ကင်းနိုင်ပါသည်။

ကြေညာလွှာတွင် မမှန်ကန်သောဖော်ပြချက် သို့မဟုတ် ချန်လှပ်ထားခဲ့သောအကြောင်းအချက်တစ်ခုခုနှင့်စပ်လျဉ်း၍ အခွန်ကိုလျော့နည်း ပေးဆောင်ခဲ့ခြင်း သို့မဟုတ် လျော့နည်းပေးဆောင်ခဲ့ဖွယ်ရှိပြီး အဆိုပါဖော်ပြချက် သို့မဟုတ် ချန်လှပ်ထားချက်သည် အခွန်ထမ်းက ကြိုတင် ကြံရွယ်ချက်ဖြင့်ပြုလုပ်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်းဖြစ်ပါက အောက်ဖော်ပြပါ ဒဏ်ကြေးငွေတစ်ရပ်ရပ်ကို ပေးဆောင်ရမည်-

- လျော့နည်းပေးဆောင်သည့် အခွန်ပမာဏသည် ကျပ် သိန်း ၁၀၀၀ ထက် ကျော်လွန်လျှင် သို့မဟုတ် ပေးဆောင်ရမည့်အခွန်၏ ၅၀% ထက် ကျော်လွန်လျှင် လျော့နည်းပေးဆောင်သည့် အခွန်ပမာဏ၏ ၇၅%၊
- အထက်ပါအချက်နှင့် အကျုံးမဝင်ပါက လျော့နည်းပေးဆောင်သည့် အခွန်ပမာဏ၏ ၂၅%။

မှားယွင်းသော သို့မဟုတ် လမ်းလွဲစေနိုင်သောဖော်ပြချက်ကို တင်ပြသဖြင့် စည်းကြပ်မှုပြုလုပ်ရာတွင် အမှန်ပေးဆောင်ရန်တာဝန်ရှိသော အခွန် အောက်လျော့နည်းပေးဆောင်ခဲ့ဖွယ်ရှိလျှင်ဖြစ်စေ၊ အမှန်ပြန်အမ်းရမည့်ငွေထက် ပိုမိုပြန်အမ်းခဲ့ဖွယ်ရှိလျှင်ဖြစ်စေ ဒဏ်ကြေးငွေ တစ်သိန်းငါးသောင်း အပြင် အောက်ပါဒဏ်ကြေးငွေတို့အနက် များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်-

- အမှန်ကျသင့်သည့်အခွန်နှင့် လျော့နည်းစည်းကြပ်ခဲ့နိုင်ဖွယ်ရှိသည့် အခွန်တို့၏ခြားနားသည့်ပမာဏ၊
- အမှန်ပြန်အမ်းရမည့်ငွေကြေးနှင့် ပိုမိုပြန်အမ်းခဲ့နိုင်ဖွယ်ရှိသည့် ငွေကြေးတို့၏ခြားနားသည့်ပမာဏ။

အခွန်ကြေညာလွှာတင်သွင်းရန် ပျက်ကွက်ခြင်းသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ အခွန်စီမံအုပ်ချုပ်မှုဆောင်ရွက်ခြင်းကို တမင်ဟန့်တား ခြင်း သို့မဟုတ် ဟန့်တားရန်အားထုတ်ခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်း ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်သည်။

# အသေးစိတ် ညွှန်ကြားချက်များ
# အခွန်ထမ်း၏ကိုယ်ရေးအချက်အလက်

## အလျားကွက် (ဃ)

ဤအခွန်ထမ်းအတွက် ပထမဆုံးကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ တင်သွင်းခြင်းဖြစ်လျှင် "ပြည်တွင်းအခွန်များဦးစီးဌာနထံသို့ တင်သွင်းသည့် ကနဦးကြေညာလွှာ"အကွက်ကို အမှတ်ခြစ်ပါ။ ဤအခွန်ကြေညာလွှာသည် ယခုဖော်ပြထားသည့် အခွန်ထမ်းအတွက် နောက်ဆုံးတင်သွင်းခြင်းဖြစ်ပါ က (ဆိုလိုသည်မှာ အခွန်ထမ်းသည် လုပ်ငန်းဖျက်သိမ်းသည့်အတွက် ဆက်လက်တည်ရှိတော့မည်မဟုတ်သည့်အတွက်) "ပြည်တွင်းအခွန်များဦးစီးဌာန ထံသို့ တင်သွင်းသည့် အပြီးသတ်ကြေညာလွှာ"ဆိုသည့်အကွက်ကို အမှတ်ခြစ်ပါ။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်ဖိလတာကာလ အတွက် ယခင် တင်သွင်းထားသည့် သုံးလပတ်ကြေညာလွှာကို ပြင်ဆင်တင်သွင်းခြင်းဖြစ်ပါက "သုံးလပတ်ကာလအတွက် ကြေညာလွှာကို ပြင်ဆင်သည့် ကြေညာလွှာ" အကွက်ကို အမှတ်ခြစ်၍ ယင်းပြင်ဆင်သည့် သုံးလပတ်ကာလကို ဖော်ပြပါ။ သင့်အနေဖြင့် အထူးစီးပွားရေးဇုန်ဥပဒေအရ ကုန်သွယ် လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရရှိထား ပါက "အထူးစီးပွားရေးဇုန်ဥပဒေအရကင်းလွတ်ခွင့်" ကို အမှတ်ခြစ်ပါ။ ကင်းလွတ်ကြောင်း ခွင့်ပြုမိန့် မိတ္တူအား ပူးတွဲ တင်ပြပါ။ သင့်အနေဖြင့် နိုင်ငံတော်ကရယူသည့်ထောက်ပံ့ငွေဖြင့် ဖော်ဆောင်သည့်စီမံကိန်းလုပ်ငန်းများတွင် မူလ သို့မဟုတ် တစ်ဆင့်ခံ ကန်ထရိုက်တာများအဖြစ် ပါဝင်ဆောင်ရွက်နေသော ကုမ္ပဏီဖြစ်ပါက "Grant Aid"ကင်းလွတ်ခွင့်ကို အမှတ်ခြစ်ပါ။ ကင်းလွတ်ကြောင်း ခွင့်ပြုမိန့် မိတ္တူအား ပူးတွဲတင်ပြပါ။ ယခင်ကြေညာလွှာ တင်သွင်းပြီးနောက် လိပ်စာအပြောင်းအလဲဖြစ်ပါက "လိပ်စာပြောင်းခြင်း"ဆိုသည့် အကွက်ကို အမှတ် ခြစ်ပါ။

## အပိုင်း က၊ ဒေါင်လိုက်ကွက် (က)

**ရောင်းရငွေ။** ကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်း ဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း အခွန်ကျသင့်စေမည်ဖြစ်သည်။ အထူးကုန်စည်ခွန်ဥပဒေတွင်ပါရှိသော ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်း ဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည် ဖြစ်သည်။ ဤကြေညာလွှာပါ ဒေါင်လိုက်ကွက်(က)တွင် တွက်ချက်သည့်အခါကုန်သွယ်လုပ်ငန်းခွန်ကို ထည့်သွင်းခြင်းမပြုပါနှင့်။ ရောင်းရငွေ ဆိုသည်မှာ ကုန်စည်ကို လက်ငင်းဖြစ်စေ၊ အကြွေးဖြင့်ဖြစ်စေ၊ အခြားဆိုင်းငံ့စနစ်ဖြင့်ဖြစ်စေ၊ ကြိုတင်အရောင်းစနစ်ဖြင့်ဖြစ်စေ ရောင်းချ၍ရငွေ သို့မဟုတ် ရရန်ငွေကို ဆိုလိုသည်။ ကုန်စည်ချင်းလဲလှယ်ခြင်းဖြစ်လျှင် ယင်းသို့ပြုလုပ်ရာတွင် သတ်မှတ်သည့်တန်ဖိုးကိုဆိုသည်။ ယင်းစကားရပ်တွင် ကုန်စည်ကို ထည့်သွင်းထုတ်ပိုးသော ပစ္စည်းတန်ဖိုးလည်းပါဝင်သည်။

## အပိုင်း က၊ ဒေါင်လိုက်ကွက် (ဂ)

သမဝါယမနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့်ကုန်စည်များကို ပြည်တွင်း၌ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ် အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ ထက် မပိုလျှင်၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း အတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ ထက် မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုပါ။

ယခုကြေညာလွှာသည် ၁-၁၀-၂၀၂၁ မှ ၃၁-၃-၂၀၂၂ ရက်နေ့အထိ ၆ လတာကာလအတွက် တင်သွင်းသည့် ကြေညာလွှာဖြစ်သည့်အတွက် အဆိုပါ ကာလအတွင်း ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းမှ စုစုပေါင်းရောင်းရငွေကို နှစ်ဆပြုလျှင် ရရှိမည့် သို့မဟုတ် ရရှိသည့် ရောင်းရငွေသည် ကျပ်သိန်း ၅၀၀ ထက်ပိုပါက စုစုပေါင်းပမာဏတစ်ခုလုံးအပေါ် တွင် (ကျပ်သိန်း ၅၀၀ အပါအဝင်) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည်ဖြစ်ပါသည်။

## အပိုင်း က၊ အလျားကွက် ၁

**ပြည်ပသို့တင်ပို့ရောင်းချသည့် ရေနံစိမ်းများ။** ရေနံစိမ်းများ ပြည်ပသို့တင်ပို့ရောင်းချသည့်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ၅% ကျသင့်ရမည်။

## အပိုင်း က၊ အလျားကွက် ၂

**ပြည်ပသို့တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အား။** လျှပ်စစ်ဓာတ်အား ပြည်ပသို့တင်ပို့ရောင်းချသည့်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ၈% ကျသင့်ရမည်။

## အပိုင်း က၊ အလျားကွက် ၃

**ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှရောင်းရငွေ။** ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှ ရောင်းရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၁% ကျသင့်ရမည်။

## အပိုင်း က၊ အလျားကွက် ၄

**နိုင်ငံပိုင်မြေအား နှစ်ရှည်ငှားရမ်း၍ဖြစ်စေ၊ နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း၍ဖြစ်စေ၊ ပုဂ္ဂလိကပိုင်မြေတွင်ဖြစ်စေ၊ မြေပိုင်ရှင်နှင့် အကျိုးတူ ပူးပေါင်း၍ဖြစ်စေ အခြေခံအဆောက်အအုံအား တည်ဆောက်ပြုပြင်ရောင်းချခြင်းမှ ရောင်းရငွေ။** နိုင်ငံပိုင်မြေအား နှစ်ရှည်ငှားရမ်း၍ဖြစ်စေ၊ နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း၍ဖြစ်စေ၊ ပုဂ္ဂလိကပိုင်မြေတွင်ဖြစ်စေ၊ မြေပိုင်ရှင်နှင့် အကျိုးတူပူးပေါင်း၍ဖြစ်စေ အခြေခံအဆောက်အအုံအား တည်ဆောက် ပြုပြင် ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ၃% ကျသင့်ရမည်။

## အပိုင်း က၊ အလျားကွက် ၅

**အခြားကုန်စည်များ။** အခြားကုန်ပစ္စည်းများ၊ အပိုင်း က၊ အလျားကွက် ၇ တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို မြန်မာနိုင်ငံအတွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း ၅% ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်သည်။

## အပိုင်း က၊ အလျားကွက် ၆

**ပြည်ပသို့တင်ပို့ရောင်းချသည့်အခြားကုန်စည်များ။** အခြားကုန်ပစ္စည်းများ၊ အပိုင်း က၊ အလျားကွက် ၁ နှင့် အလျားကွက် ၂ တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်ပသို့တင်ပို့ရောင်းချခြင်းဖြစ်ပါက ၀% ဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်သည်။

## အပိုင်း က၊ အလျားကွက် ၇

**ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရကုန်စည်များ။** ၂၀၂၁ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ အောက်ဖော်ပြပါ ကုန်စည်များမှ ရောင်းရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ။ ကုန်သွယ်ခွန်ကင်းလွတ်ခွင့်ရ ကုန်စည်များမှ စုစုပေါင်းရောင်းရငွေကို အလျားကွက် ၇ တွင် ဖော်ပြပေးပါရန်-

**စားသောက်ကုန်စည်များ**

၁။ စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ၊ ဂျုံစေ့၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း၊ အစေ့ထုတ်ပြောင်းနှင့် ပြောင်းစေ့အမျိုးမျိုး။
၂။ ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ၊ မြေပဲတောင့်၊ မြေပဲဆန်၊ နှမ်း၊ ပန်းနှမ်း၊ မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ်စသည့် ဆီကြိတ်ပြီးအဖတ်များ။
၃။ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ၊ ငရုတ်သီး၊ ငရုတ်သီးမှုန့်၊ နနွင်း၊ နနွင်းမှုန့်၊ ချင်း၊ မန်ကျည်းမှည့်၊ ဆားအမျိုးမျိုး။
၄။ သစ်သီးစိမ်းအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ။
၅။ လက်ဖက်စို၊ လက်ဖက်ခြောက်၊ လက်ဖက်အချိုခြောက်၊ ပြုပြင်ထုတ်ပိုးထားသည့် လက်ဖက်ခြောက်အမျိုးမျိုး။
၆။ ငါးစို၊ ပုစွန်စို၊ အသားစိုနှင့် ကြက်ဥ၊ ဘဲဥ စသည့် ဥအမျိုးမျိုး။
၇။ ပဲဆီ၊ နှမ်းဆီ။
၈။ ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ၊ ပဲနို့၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး၊ ဒိန်ချဉ်။
၉။ ခရင်မာ (Creamer) များ။
၁၀။ ငံပြာရည်အမျိုးမျိုး၊ ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး၊ ငါးချဉ်၊ ပုစွန်ချဉ်အမျိုးမျိုး၊ ပုစွန်ဖွဲ၊ ငါးပေါင်းမှုန့်၊ ငါးပိအမျိုးမျိုး။

**စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာကုန်စည်များ**

၁၁။ ပိုးစာရွက်၊ ပိုးအိမ်။

၁၂။ သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ၊ ကုန်းနေသတ္တဝါများ၊ ရေနေသတ္တဝါများ၊ ကုန်းတစ်ပိုင်းရေတစ်ပိုင်းနေသတ္တဝါများ၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်များ၊ မျိုးစိတ်များ၊ ရေတွင်ပေါက်ဖွားသည့်အပင်များနှင့် မျိုးစေ့များ၊ အပင်ပေါက်များ၊ ရေညှိရေမှော်များ။

၁၃။ စိုက်ပျိုးရေးလုပ်ငန်းများတွင် အပင်များကြီးထွားသန်မာပြီး သီးပွင့်မှုအားကောင်းစေရန် အသုံးပြုသော မြေဆီ၊ ဓာတ်မြေဩဇာ အပါအဝင် မြေဩဇာအမျိုးမျိုး၊ လယ်ယာစိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး၊ မှို၊ ဘက်တီးရီးယား၊ နီမတုတ်များနှင့် အခြားရောဂါ ကျရောက်မှုမရှိစေရေး စိုက်ပျိုးရေးသုံးရောဂါကာကွယ်ဆေးနှင့် ရောဂါသတ်ဆေးအမျိုးမျိုး၊ မွေးမြူရေးသုံး ခြံဖျန်းဆေးအမျိုးမျိုး (စပရေး၊ ကြွက်သတ်ဆေးများမပါဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများနှင့် ကာကွယ်ဆေးများ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်မှတ်ရရှိပြီး ဆေးဝါးနှင့်ကာကွယ်ဆေးများ အပါအဝင်နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပေးသည့် ထောက်ခံချက်ရရှိထားသော ဆေးဝါးများအပါအဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာထုတ်လုပ်ရန် ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ (အိမ်မွေးတိရစ္ဆာန်များအတွက် အသုံးပြုသော တိရစ္ဆာန်အစားအစာများမပါဝင်)။

၁၄။ ဆီအုန်း၊ နေကြာစေ့၊ ဝါစေ့၊ ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့၊ ကွမ်းသီး၊ ကွမ်းသီးခွံ၊ သီးနှံများ၏ မျိုးကောင်းမျိုးသန့် မျိုးစေ့၊ မျိုးပင်များ။

၁၅။ ဝါကုန်ကြမ်း၊ ဝါအမျိုးမျိုး၊ ဖာလာ၊ သနပ်ခါးနှင့် အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် လယ်ယာကိုင်းကျွန်းဥယျာဉ်ထွက်ကုန်များ၊ အုန်းဆီ(စားအုန်းဆီမဟုတ်)။

၁၆။ အုန်းဆံချည်ခင်။

၁၇။ ထင်း၊ ဝါး၊ ကြိမ် အကြမ်းအချော၊ ထင်းအစားထိုးလောင်စာတောင့်။

**ကျောင်းသုံး၊ ရုံးသုံးကုန်စည်များ**

၁၈။ ချိပ်များ၊ တံဆိပ်ခေါင်းအမျိုးမျိုး(အခွန်အမှတ်တံဆိပ်အပါအဝင်)။

၁၉။ နိုင်ငံတော်အလံ။

၂၀။ ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ၊ ခဲတံလုပ်ရန်ခဲဆံ။

၂၁။ ကျောင်းသုံးစာအုပ်အမျိုးအမျိုး၊ အခြေခံကျောင်း၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြုစာအုပ်အမျိုးအမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုး၊ သုတရသစာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့် သတင်းစာအမျိုးမျိုး ယင်းစာအုပ်စာပေများ ထုတ်လုပ်ရန်စက္ကူများ (40 gsm to 80 gsm အတွင်းသာ)၊ ခဲတံအမျိုးမျိုး၊ ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။

**ကျန်းမာရေးဆိုင်ရာကုန်စည်များ**

၂၂။ ပရဆေးများ။

၂၃။ အိမ်သုံးခြင်ဆေးအမျိုးမျိုး။

၂၄။ ပျားရည်၊ ပျားဖယောင်း။

၂၅။ ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက် ပစ္စည်းကိရိယာတန်ဆာပလာများနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက သတ်မှတ်သည့် ဆေးဘက်ဆိုင်ရာ သုံးပစ္စည်းကိရိယာတန်ဆာပလာများ၊ ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးထည့်ရန် ဆေးရုံသုံးပစ္စည်းများ၊ ဆေးရုံသုံးတစ်ခါသုံး နှာခေါင်းစည်း၊ ခေါင်းစည်း၊ လက်အိတ် (Surgical Glove)၊ တုပ်ကွေးရောဂါကူးစက်ခြင်းအား ကာကွယ်ရန် တပ်ဆင်သည့်နှာခေါင်းစည်း၊ အိမ်သုံးဆေးဝါး၊ အခြားလူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (ဥပဒေ၊ နည်းဥပဒေများဖြင့် ကန့်သတ်ထားသော ဆေးဝါးများမှအပ FDA မှတ်ပုံတင်လက်မှတ်ရရှိပြီး ဆေးဝါးများ၊ တိုင်းရင်းဆေးဝါးကုန်ကြမ်းများအပါအဝင် ဆေးဝါးကုန်ကြမ်းများ)။

၂၆။ ကွန်ဒုံး (Condom)။

**ဘာသာရေးနှင့် လူမှုရေးသုံးကုန်စည်များ**

၂၇။ စိပ်ပုတီးအမျိုးမျိုး (အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများမပါဝင်)၊ သာသနာရေးဆိုင်ရာ အဝတ်အထည်များ။

၂၈။ မီးသတ်ယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ နာရေးယာဉ်များ၊

**သယ်ယူပို့ဆောင်ရေးဆိုင်ရာကုန်စည်များ**

၂၉။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။

၃၀။ ပြည်တွင်းပြည်ပပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန်ရောင်းချသည့် ဂျက်လေယာဉ်ဆီ။

၃၁။ လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံးစက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။

**စက်မှုလုပ်ငန်းသုံးကုန်စည်များ**

၃၂။ အရောင်ချွတ်ဖတ်။ (အရောင်ချွတ်ရာတွင် အသုံးပြုသည့် Hypochloride များသာ)၊ ဆပ်ပြာမှုန့်ပြုလုပ်မည့်ကုန်ကြမ်း၊ ဆပ်ပြာပြုလုပ်မည့်ကုန်ကြမ်း၊ ဆပ်ပြာကြမ်း။

၃၃။ ဂုန်လျှော်နှင့် အခြားလျှော်များ၊ ကြက်ပေါင်စေး၊ လျှော်ဖြူစေး (ခေါ်) ဆေးကုလားမ။

၃၄။ လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ ထွန်စက်များ၊ မြေပြုပြင်ထွန်ယက်သည်မှ သီးနှံရိတ်သိမ်းခြွေလှေ့အခြောက်ခံသည်အထိ လူ သို့မဟုတ် တိရစ္ဆာန်၏ လုပ်အားနှင့်တွဲဖက်၍သော်လည်းကောင်း၊ စက်စွမ်းအားသီးသန့်သော်လည်းကောင်း ဆောင်ရွက်နိုင်သောကိရိယာ၊ စက်နှင့်စက်အပိုပစ္စည်းအမျိုးမျိုး (မော်တော်ယာဉ်ဥပဒေအရ မှတ်ပုံတင်ရန်လိုအပ်သော ယာဉ်ယန္တရားများမှအပ)၊ မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊

မျိုးမြှင့်သားစပ်ရာတွင် အသုံးပြုရန် မျိုးရည်၊ မျိုးချောင်း၊ မျိုးဥ (အေးခဲမျိုးရည်အပါအဝင် သန္ဓေသားလောင်းနှင့် မေထုန်မဲ့သားစပ် လုပ်ငန်း သုံးကိရိယာများ)။

၃၅။ ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။

၃၆။ လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှ ပေးပို့သည့်ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရသည့် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ၊ လက်ခစားအပ်ကုန်စနစ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများက လုပ်ငန်းလိုအပ်ချက်အရ ပြန်လည်ရောင်းချရန် မဟုတ်သည့် တင်သွင်းလာသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏အရန်နှင့် အပိုပစ္စည်းများ။

**ကာကွယ်ရေးဆိုင်ရာကုန်စည်များ**

၃၇။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်ယန္တရားများ၊ ပစ္စည်းနှင့် ကိရိယာများ၊ ယင်းတို့၏အရန်နှင့် အပိုပစ္စည်းများ၊ နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ် ပစ္စည်းများ (ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ခွင့်ပြုချက်ဖြင့် တင်သွင်းသော ပစ္စည်းအမျိုးအမည်များသာ)၊ ကာကွယ်ရေးဝန်ကြီးဌာန အတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများ စားသုံးရန် ဝယ်ယူသည့်ကုန်စည်များ။

**ကျောက်မျက်ရတနာနှင့်တွင်းထွက်ကုန်စည်များ**

၃၈။ ရွှေစင်ရွှေတုံးများ (စံချိန်မီရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ပြည်ထောင်စုအစိုးရက ကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်းပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ကျောက်မျက်ရတနာအရိုင်းထည်၊ အချောထည်များ။

၃၉။ ရေနံချေး။

**အထွေထွေကုန်စည်များ**

၄၀။ ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့်နေရာတွင် ရောင်းချသည့်ပစ္စည်းများ။

၄၁။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆိုပြု၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ခွင့်ပြုထားသည့် နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူကျင့်သုံးသော နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးများ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများ အသုံးပြုမည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် ကုန်စည်များ။

၄၂။ ပြည်တွင်းရှိကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်းပြည်ပမှ ဝယ်ယူသည့်ကုန်စည်များ။

၄၃။ ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ဝယ်ယူသော ကုန်စည် များ။

၄၄။ နိုင်ငံတော်၏လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များ။

၄၅။ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျှော့အကောက်ခွန် (Draw Back) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များ။

## အပိုင်း က၊ အလျားကွက် ၈

**အထူးစီးပွားရေးဇုန်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရသည့် ရောင်းရငွေ။** အပိုင်း က၊ အလျားကွက် ၇ တွင် ဖော်ပြပါရှိသည့် ကုန်စည်များ မှတစ်ပါး မြန်မာအထူးစီးပွားရေးဇုန်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရသည့် အခြားကုန်စည်များ၏ ရောင်းရငွေကို ဤအလျားကွက်တွင် ဖြည့်ပါ။

## အပိုင်း က၊ အလျားအကွက် ၉

**နိုင်ငံတော်ကရယူဆောင်ရွက်သည့်ထောက်ပံ့ငွေများ (Grant Aid) အရ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရသည့် ရောင်းရငွေ။** အပိုင်း က၊ အလျားကွက် ၇ တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး နိုင်ငံတော်ကရယူဆောင်ရွက်သည့် ထောက်ပံ့ငွေများ (Grant Aid) အရ ကုန်သွယ် လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရသည့် အခြားကုန်စည်များ၏ရောင်းရငွေကို ဤအလျားကွက်တွင် ဖြည့်ပါ။

## အပိုင်း ခ၊ ဒေါင်လိုက်အကွက် (က)

**စုစုပေါင်းရရှိငွေ။** ဤကြေညာလွှာပါ ဒေါင်လိုက်ကွက် (က) တွင် တွက်ချက်သည့်အခါ ကုန်သွယ်လုပ်ငန်းခွန်ကို ထည့်သွင်းခြင်း မပြုပါနှင့်။ သို့သော် ပေးဆောင်ထားသော အထူးကုန်စည်ခွန်ပမာဏကို ထည့်သွင်းပါ။

## အပိုင်း ခ၊ ဒေါင်လိုက်အကွက် (ဂ)

သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ် အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ ထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ခြင်းမပြုပါ။

ယခုကြေညာလွှာသည် ၁-၁၀-၂၀၂၁ မှ ၃၁-၃-၂၀၂၂ ရက်နေ့အထိ ၆ လတာကာလအတွက် တင်သွင်းသည့် ကြေညာလွှာဖြစ်သည့်အတွက် အဆိုပါ ကာလအတွင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းမှ စုစုပေါင်းရငွေကို နှစ်ဆပြုလျှင် ရရှိမည့် သို့မဟုတ် ရရှိသည့် ရငွေသည် ကျပ်သိန်း ၅၀၀ ထက်ပိုပါက စုစုပေါင်း ပမာဏတစ်ခုလုံးအပေါ်တွင် (ကျပ်သိန်း ၅၀၀ အပါအဝင်) ကုန်သွယ်လုပ်ငန်းခွန် ကျသင့် မည်ဖြစ်ပါသည်။

## အပိုင်း ခ၊ အလျားကွက် ၁

**ဆက်သွယ်ရေးဝန်ဆောင်မှုများ - ကြိုတင်ငွေဖြည့်ကဒ်များ/ဖုန်းပြောဆိုခများ။** ကြိုတင်ငွေဖြည့်ကဒ် ရောင်းရငွေများ သို့မဟုတ် ဖုန်းပြောဆိုခရငွေများအား ဤအလျားကွက်တွင် ဖော်ပြပါ။

## အပိုင်း ခ၊ အလျားကွက် ၂

**ဆက်သွယ်ရေးဝန်ဆောင်မှုများ - အခြားဆက်သွယ်ရေးဝန်ဆောင်မှုများ။** ကြိုတင်ငွေဖြည့်ကဒ်များ ရောင်းရငွေများ သို့မဟုတ် ဖုန်းပြောဆိုခရငွေများနှင့်မသက်ဆိုင်သည့် အခြားဆက်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုများဖြစ်သည့် ဥပမာ- ဖုန်းကိုယ်ထည်များ (Handsets) စသည်တို့ ရောင်းချရငွေအား ဤအလျားကွက်တွင် ဖော်ပြပါ။

ထို့ပြင် ပထမသုံးလပတ် (၁- ၁၀- ၂၀၂၁ မှ ၃၁- ၁၂- ၂၀၂၁ ထိ) နှင့် ဒုတိယသုံးလပတ်၏ ၁- ၁- ၂၀၂၂ မှ ၇- ၁- ၂၀၂၂ ထိ ကာလများအတွက် ဆင်းကတ် (SIM Card) ရောင်းချခြင်းနှင့် ဆင်းကတ်ကို စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသည့်ဝန်ဆောင်မှုလုပ်ငန်းများ၊ အင်တာနက်ဝန်ဆောင်မှု လုပ်ငန်းများမှ ရငွေများကို ဤအလျားကွက်တွင်သာ ဖော်ပြပါ။

## အပိုင်း ခ၊ အလျားကွက် ၃

**ဆင်းကတ် (SIM Card) ရောင်းချခြင်းနှင့် ဆင်းကတ်ကို စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသည့်ဝန်ဆောင်မှုလုပ်ငန်းများ။** ဒုတိယသုံးလပတ်၏ ၈- ၁- ၂၀၂၂ မှ ၃၁- ၃- ၂၀၂၂ ထိ ကာလအတွက် ဆင်းကတ် (SIM Card) ရောင်းချခြင်းနှင့် ဆင်းကတ်ကို စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ်တွင် ဆင်းကတ် (SIM Card) တစ်ကတ်လျှင် နှစ်သောင်းကျပ်ဖြင့် ကုန်သွယ်လုပ်ငန်းခွန်တစ်ကြိမ်တည်းကျသင့်ပါမည်။ စုစုပေါင်းရငွေကို သီးခြားစာရွက်စာတမ်းဖြင့် ပူးတွဲ တင်ပြရမည်ဖြစ်ပါသည်။

## အပိုင်း ခ၊ အလျားကွက် ၄

**အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများ။** ဒုတိယသုံးလပတ်၏ ၈- ၁- ၂၀၂၂ မှ ၃၁- ၃- ၂၀၂၂ ထိ ကာလအတွက် အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ၁၅% ဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည်ဖြစ်ပါသည်။

## အပိုင်း ခ၊ အလျားကွက် ၅

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်းများ။** ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်းများမှရငွေအပေါ်တွင် ၃% ဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်ပါမည်။

## အပိုင်း ခ၊ အလျားကွက် ၆

**နိုင်ငံတော်အတွင်း ဆောင်ရွက်သည့် ကျန်ဝန်ဆောင်မှုလုပ်ငန်းများ။** အပိုင်း ခ၊ အလျားကွက် ၇ တွင် ဖော်ပြထားသည့် ဝန်ဆောင်မှုများမှတစ်ပါး မြန်မာနိုင်ငံအတွင်း၌ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေများအပေါ်တွင် ၅% ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်သည်။

## အပိုင်း ခ၊ အလျားကွက် ၇

**ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရ ဝန်ဆောင်မှုလုပ်ငန်းများ။** အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ။ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရ ဝန်ဆောင်မှုလုပ်ငန်းများမှ စုစုပေါင်းရငွေကို **အလျားကွက် ၇ တွင်** ဖော်ပြရန်။

**နိုင်ငံခြားရေးကဏ္ဍ**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆိုပြု၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ခွင့်ပြုထားသည့် နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူ ကျင့်သုံးသော နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးများ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများကရယူသည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် ဝန်ဆောင်မှုလုပ်ငန်း။

၂။ ပြည်တွင်းရှိကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်းမှရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။

**ကာကွယ်ရေးကဏ္ဍ**

၃။ ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှုဝန်ဆောင်မှုလုပ်ငန်း။

**သာသနာရေးနှင့်ယဉ်ကျေးမှုကဏ္ဍ**

၄။ ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ**

၅။ ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။

၆။ ကုန်စည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရေးမှအပဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။

၇။ နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။

၈။ လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။

၉။ ပြည်တွင်း သို့မဟုတ် ပြည်ပခရီးစဉ်များတွင် ခရီးသည်များကို အဖိုးအခတစ်ရပ်ရပ်ရယူ၍ လေယာဉ်ဖြင့် ပို့ဆောင်သော ဝန်ဆောင်မှုလုပ်ငန်း။
၁၀။ အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။
၁၁။ အစိုးရက ဆောင်ရွက်သည့် စာတိုက်ဝန်ဆောင်မှုလုပ်ငန်း။

**ပညာရေးနှင့်ပြန်ကြားရေးကဏ္ဍ**

၁၂။ ပညာရေးဝန်ဆောင်မှုလုပ်ငန်း။
၁၃။ စာအုပ်စာပေ၊ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာထုတ်ဝေရေး ဝန်ဆောင်မှုလုပ်ငန်း။

**ကျန်းမာရေးကဏ္ဍ**

၁၄။ ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။
၁၅။ ရိုးရာအကြောပြင်ဝန်ဆောင်မှုလုပ်ငန်း၊ မျက်မမြင်အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။
၁၆။ တိရစ္ဆာန် ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။
၁၇။ အများသုံးသန့်စင်ခန်းအသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။

**စီမံကိန်းနှင့်ဘဏ္ဍာရေးကဏ္ဍ**

၁၈။ အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။
၁၉။ အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။
၂၀။ အရင်းအနှီးဈေးကွက်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။
၂၁။ ဘဏ်နှင့်ဗဟိုဘဏ်မှခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။
၂၂။ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း။
၂၃။ အောင်ဘာလေသိန်းထီလုပ်ငန်း။

**လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးကဏ္ဍ**

၂၄။ ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။
၂၅။ နာရေးဝန်ဆောင်မှုလုပ်ငန်း။
၂၆။ ကလေးသူငယ်ပြုစုပျိုးထောင်ရေးဝန်ဆောင်မှုလုပ်ငန်း။

**စက်မှုနှင့်လျှပ်စစ်ကဏ္ဍ**

၂၇။ ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။
၂၈။ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ။
၂၉။ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသေးသော ဒေသများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနေသော ပုဂ္ဂလိကအသေးစား လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်းများ။

**အထွေထွေကဏ္ဍ**

၃၀။ နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ရရှိရန်အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။
၃၁။ နိုင်ငံတော်၏လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။
၃၂။ ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။
၃၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့် အဖွဲ့အစည်းအချင်းချင်း ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ က ဝန်ဆောင်မှုရယူခြင်းမပါ)။

## အပိုင်း ခ၊ အလျားကွက် ၈

**အထူးစီးပွားရေးဇုန်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရသည့် ဝန်ဆောင်မှုရငွေ။** အပိုင်း ခ၊ အလျားကွက် ၇ တွင် ဖော်ပြထားသည့် ဝန်ဆောင်မှုများမှတစ်ပါး မြန်မာနိုင်ငံအတွင်း၌ ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေများအပေါ်တွင် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရပါက အဆိုပါဝန်ဆောင်မှုရငွေကို ဤအလျားကွက်တွင်ဖြည့်ပါ။

## အပိုင်း ခ၊ အလျားကွက် ၉

**နိုင်ငံတော်ကရယူဆောင်ရွက်သည့် ထောက်ပံ့ငွေများ** (Grant Aid) **အရ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရသည့် ဝန်ဆောင်မှုရငွေ။** အပိုင်း ခ၊ အလျားကွက် ၇ တွင် ဖော်ပြထားသည့် ဝန်ဆောင်မှုများမှတစ်ပါး မြန်မာနိုင်ငံအတွင်း၌ ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေများ

အပေါ်တွင် နိုင်ငံတော်ကရယူဆောင်ရွက်သည့် ထောက်ပံ့ငွေများ (Grant Aid) အရ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရသည့် အခြားဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ဆောင်မှုရငွေကို ဤအလျားကွက်တွင် ဖြည့်ပါ။

## အပိုင်း ဂ

## အပိုင်း ဂ၊ အလျားကွက် ၂

အခွန်ထမ်းသည် ကုန်စည်ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းတို့အတွက် အဆိုပါကုန်စည်ကို ဝယ်ယူခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်းတို့အတွက် ပေးဆောင်ထားသော ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့်ရှိသည်။ စည်းမျဉ်း ၄၂ ကို ကြည့်ပါ။ ကသခ-၃၁ အပါအဝင် ပေးဆောင်ပြီးသား ကုန်သွယ်လုပ်ငန်းခွန်များကို ဤအကွက်တွင်ဖြည့်ပါ။ မရောင်းရသေးသည့် ကုန်စည်လက်ကျန်များ သို့မဟုတ် အခြေပစ္စည်းဝယ်ယူမှုများအတွက် ပေးဆောင်ပြီးသား ကုန်သွယ်လုပ်ငန်းခွန် မဖြည့်သွင်းရ။ ကသခ-၃၁များအတွက် ကသခ-၃၃ အား ပူးတွဲ တင်ပြရမည်။

ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေ တောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။ ဘဏ္ဍာနှစ်အတွင်း ကသခ-၃၁၊ ကသခ-၃၂ တို့ဖြင့် ခုနှိမ်၍ ပိုလျှံနေသည့် ပမာဏအား ယင်းဘဏ္ဍာနှစ်အတွက် ဝင်ငွေခွန်တွက်ချက်ရာတွင် စီးပွားရေးလုပ်ငန်း၏ အသုံးစရိတ်အဖြစ်သာ သတ်မှတ်ခွင့်ပြုမည် ဖြစ်သည်။

## အပိုင်း ဂ၊ အလျားကွက် ၃

အခွန်ထမ်းသည် ကုန်စည်ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းတို့အတွက် အဆိုပါ ကုန်စည်ကိုတင်သွင်းစဉ်က ပေးဆောင်ထားသော ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့်ရှိသည်။ စည်းမျဉ်း ၄၂ ကို ကြည့်ပါ။ ဤအလျားကွက်တွင် ကသခ-၃၂ အရ ခုနှိမ်မည့် ကုန်သွယ်လုပ်ငန်းခွန်များကို ဖော်ပြရန်ဖြစ်သည်။ ကသခ-၃၂ များအတွက် ကသခ-၃၃ အား ပူးတွဲတင်ပြရမည်။

ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေ တောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။ ဘဏ္ဍာနှစ်အတွင်း ကသခ-၃၁၊ ကသခ-၃၂ တို့ဖြင့် ခုနှိမ်၍ ပိုလျှံနေသည့် ပမာဏအား ယင်းဘဏ္ဍာနှစ်အတွက် ဝင်ငွေခွန်တွက်ချက်ရာတွင် စီးပွားရေးလုပ်ငန်း၏ အသုံးစရိတ်အဖြစ်သာ သတ်မှတ်ခွင့်ပြုမည်ဖြစ်သည်။

မြန်မာအထူးစီးပွားရေးဇုန်ဥပဒေအရ လုပ်ငန်းမြှင့်တင်ရေးဇုန်ရှိ ရင်းနှီးမြှုပ်နှံသူသည် ရောင်းကုန်မဟုတ်သော စက်ပစ္စည်းကိရိယာများနှင့် ယင်းတို့အတွက်လိုအပ်သည့် အရန်ပစ္စည်းများ၊ စက်ရုံ၊ သိုလှောင်ရုံ၊ ကိုယ်ပိုင်ရုံးခန်းတို့အတွက် တည်ဆောက်ရေးပစ္စည်းများ၊ ယင်းလုပ်ငန်းအတွက် အမှန်တကယ် လိုအပ်သည့် မော်တော်ယာဉ်နှင့် အခြားပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ ပြည်ပမှတင်သွင်းရာတွင် လုပ်ငန်းစတင်သည့်နှစ်မှ ငါးနှစ်အတွင်း အကောက်ခွန်နှင့် အခြားအခွန်အခများ ကင်းလွတ်ခွင့်၊ တစ်ဆက်တည်း နောက်ငါးနှစ်အထိ အကောက်ခွန်နှင့်အခြားအခွန်အခများ၏ ၅၀% သက်သာခွင့်ရှိပါက တင်သွင်းလာသည့် ကုန်စည်များအပေါ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့်ရှိသည်။

## အပိုင်း ဂ၊ အလျားကွက် ၄

သုံးလပတ်ကာလအတွင်း လစဉ်ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန် စုစုပေါင်းကို ဖော်ပြပါ။ လစဉ်ပေးဆောင်သည့်ပမာဏကို ယခင်နှစ်မှ သယ်ယူလာသော သို့မဟုတ် ယခင်သုံးလပတ်မှ သယ်ယူလာသော ပိုမိုပေးဆောင်ခဲ့သည့်အခွန်နှင့်ကိုက်ညှိပြီး ပေးသွင်းနိုင်ပါသည်။

## အပိုင်း ဂ၊ အလျားကွက် ၅

**ယခင်သုံးလပတ်တွင် ပိုမိုပေးဆောင်ထားခဲ့သောအခွန်။** ဤသုံးလပတ်အတွက် အသုံးပြုရန် ဆုံးဖြတ်ထားသော ယခင်သုံးလပတ်တွင် ပိုမိုပေးဆောင်ထားခဲ့သော အခွန်ပမာဏကို ဤအလျားကွက်တွင် ဖြည့်ပါ။

## အပိုင်း ဂ၊ အလျားကွက် ၇

**ပေးဆောင်ရန်ကျန်ပမာဏ။** အလျားကွက် ၇ ရှိ ပမာဏသည် ကြေညာလွှာ တင်သွင်းသည့်အချိန်တွင် ပေးဆောင်ရမည့် သက်ဆိုင်ရာသုံးလပတ်အတွက် ထပ်မံပေးဆောင်ရမည့်အခွန် ဖြစ်သည်။ အခွန်ကြေညာလွှာကို မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးစသည့် သက်ဆိုင်ရာအခွန်ရုံးများသို့ တင်သွင်းရမည်။

**လစဉ်ကျသင့်သောအခွန်ကို သက်ဆိုင်လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရမည်။** ကျသင့်အခွန်ကို www.ird.gov.mm website မှတစ်ဆင့် MPU Debit Card ဖြင့်ဖြစ်စေ၊ ပုဂ္ဂလိကဘဏ်ခွဲများမှတစ်ဆင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-Net (RTGS) စနစ်ရှိ Customer Credit Transfer Function (CCT) ကို အသုံးပြု၍ဖြစ်စေ၊ အီလက်ထရောနစ် ငွေပေးချေမှုစနစ်များဖြင့်ဖြစ်စေ ပေးဆောင်နိုင်ပါသည်။ MPU၊ CBM-Net မှတစ်ဆင့် ပေးဆောင်ခြင်းများအတွက် မြန်မာ့စီးပွားရေးဘဏ်၏ သက်ဆိုင်ရာငွေစာရင်းသို့ အခွန်ငွေလက်ခံရရှိသည်နှင့်တစ်ပြိုင်နက် ပြည်တွင်းအခွန်

များဦးစီးဌာနမှ လုံခြုံမှုအဆင့် (QR Code)ပါသော အခွန်ငွေလက်ခံရရှိကြောင်း အကြောင်းကြားစာအား အီးမေးလ်မှတစ်ဆင့် ပေးပို့မည်ဖြစ်ပါသည်။ ထိုအကြောင်းကြားစာအား ချလန်ကဲ့သို့ပင် မှတ်တမ်းအဖြစ် သိမ်းထားရမည်။

### အပိုင်း ဂ၊ အလျားကွက် ၈

**ပို့၍ပေးဆောင်ထားသောပမာဏ။** အလျားကွက် ၈ ရှိ ပမာဏသည်  အခွန်ကြေညာလွှာ တွက်ချက်မှုမှန်ကန်ပါက ယခုကြေညာလွှာတင်သွင်းသည့် သုံးလပတ်ကာလအတွက် ပို့၍ပေးဆောင်ထားသော ပမာဏဖြစ်သည်။

## ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ၏ ကတိဝန်ခံချက်

ဤကြေညာလွှာမတင်သွင်းမီ စာမျက်နှာ ၃ ၌ ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ (ဥပမာ။ သင်၏ စာရင်းကိုင် သို့မဟုတ် စာရင်းစစ်ဆေးသူ) အား ဝန်ခံကတိပြု လက်မှတ်ရေးထိုးစေရမည်။ အကယ်၍ သင်၏ဝန်ထမ်းမှ ဆောင်ရွက်ပါက ဤအပိုင်းတွင် လက်မှတ်ရေးထိုးရန် မလိုအပ်ပါ။

မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။

## အခွန်ထမ်း (သို့) ကိုယ်စားလှယ်၏ ကတိဝန်ခံချက်

ဤကြေညာလွှာကို မတင်သွင်းမီ စာမျက်နှာ ၃ တွင် လက်မှတ်ထိုးရမည်။

- ပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါက ထိုပုဂ္ဂိုလ်မှ လက်မှတ်ရေးထိုးရမည်။
- သမဝါယမအသင်းအဖွဲ့ဖြစ်ပါက ဥက္ကဋ္ဌ၊ (သို့) အတွင်းရေးမှူးမှ လက်မှတ်ရေးထိုးရမည်။
- ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ကိုယ်စားလှယ်၊ အတွင်းရေးမှူး၊ အထွေထွေမန်နေဂျာ  (သို့) မန်နေဂျာမှ  လက်မှတ်ရေးထိုးရမည်။
- နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက၊ စီမံရေးရာ(သို့) ငွေစာရင်းဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးဦးမှ လက်မှတ်ရေးထိုးရမည်။

မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။